# RAPE AND OTHER FORMS OF SEXUAL ASSAULT

# မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်နှောက်ယှက်မှုပုံစံများ

*Healing The Wounds Of Trauma 9*

**ဗဟုသုတ သဘောထား လုပ်ဆောင်ချက်**

ဤသင်ခန်းစာပြီးမြောက်ပြီးမြောက်ပြီးနောက်တွင် သင်တန်းတက်ရောက်သူများသည်
၁။ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှုပုံစံများကို အဓိပ္ပါယ်ကိုသိလာလိမ့်မည်။
၂။ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှုပြုမှုပုံများကိုရှင်းပြလာနိုင်လိမ့်မည်။
၃။ လိင်ပိုင်းဆိုင်ရာနှောက်ယှက်ကျူးလွန်ခံရသူများသည် ၎င်းတို့ရဲ့စိတ်ဒဏ်ရာမှ ကျန်းမာလာစေဖို့ ကူညီပေးနိုင်မည့်နည်းလမ်းများကို ဆွေးနွေးလာနိုင်လိမ့်မည်။
၄။ မုဒိမ်းကျင့်ခံရခြင်းမှမွေးဖွားခံရသော ကလေးများအား လူ့အသိုင်းအဝိုင်းက လက်ခံ၊ ပြုစုပျိုးထောင်လာရန်ကူညီနိုင်မည့်နည်းလမ်းများကို ဆွေးနွေးလာနိုင်လိမ့်မည်။

**သင်တန်းပေးသူ အတွက် မှတ်ချက်**

ဤသင်ခန်းစာသည် စိတ်ဒဏ်ရာနှင့်ပတ်သက်သော သင်ခန်းစာတွဲမှတစ်ခုဖြစ်ပြီး၊ စိတ်ဒဏ်ရာများကိုကုစားခြင်း-အနာငြိမ်းအဖွဲ့အတွက်သင်တန်းဆရာကိုင်လမ်းညွှန် စာအုပ်မှ ပြင်ဆင်ထားခဲ့သည်။ ဤသင်ခန်းစာကို ကြိမ်ဖန်များစွာလေ့လာကာ၊ ဆုတောင်းခြင်းအားဖြင့် ပြင်ဆင်ဖို့အကြံပြုပါသည်။

အစမပြုမီ-

- ဤသင်ခန်းစာကို သင်ကြားသွားမည်ဖြစ်ကြောင်း သင်တန်းတက်ရောက်သူများအား ကြိုတင်ပြောပြပါ။ ဤသင်ခန်းစာကို သင်ယူဖို့တက်ရောက်ရန် အစဉ်ပြေမှုမရှိလျှင်၊ မတက်ရောက်ပဲနေနိုင်ကြောင်းအသိပေးပါ။
- အတန်းထဲတွင် အမျိုးသား၊ အမျိုးသမီးများ နှစ်ဖွဲ့လုံးရှိနေလျှင်၊ အမျိုးသားနည်းပြနှင့် အမျိုးသမီးနည်းပြ တစ်ဦးမှ သင်ခန်းစာကိုဦးဆောင်ပေးနိုင်ရန်ကြိုးစားကြည့်ပါ။ မဖြစ်နိုင်လျှင်၊ အဖွဲ့တွင်ရှိနိုင်မည့် လိင်မတူသောရင့်ကျက်သည့်ခရစ်ယာန်တစ်ဦးနှင့် သင်ခန်းစာကိုကြိုတင်လေ့လာထားပါ။
- အစပျိုးခြင်းအတွက် ပုံပြင်နှင့်ရင်းနှီးပြီးသားဖြစ်သူတစ်ဦးက ပုံပြင်ကိုဖတ်ဖို့ရွေးချယ်ပါ။ ပုံပြင်ကိုသရုပ်မဖော်ပါနှင့်။ လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှုအကြောင်းအရာများကို သရုပ်ဆောင်ခြင်းမှာ အခြားသူများအတွက် အနှောက်အယှက်ဖြစ်စေနိုင်ပြီး၊ စိတ်မချမ်းမြေ့ဖွယ်တုံ့ပြန်မှုများကိုဖြစ်ပေါ်စေနိုင်သည်။
- အပိုင်း (၃)- ဆွေးနွေးခြင်းများနှင့် မှန်ကန်စွာပြင်ဆင်နိုင်ဖို့အတွက် ရွေးချယ်မှု (၁) သို့မဟုတ် (၂) တစ်ခုခုကို ရွေးဖို့ဆုံးဖြတ်ပါ။
- အပိုင်း (၄)- အနီးနားဝန်းကျင်တွင် လိင်ပိုင်းဆိုင်ရာနှောက်ယှက်ခြင်းခံရသူများအတွက် မည်သည့် ဆေးဖက်ဆိုင်ရာနှင့် ဥပဒေဆိုင်ရာအကူအညီများရရှိနိုင်ကြောင်းကို ရှာဖွေပါ။
- အပိုင်း (၄)- လျှို့ဝှက်ထုတ်ပြန်ချက် ကိုဖတ်ပါ။ လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှုကိုတင်ပြရန် တရားဝင်လိုအပ်ချက်များကိုစုံစမ်းပါ။ နိုင်ငံအများစုတွင် ကလေးထိန်းများသည် အသေးစားအကြမ်းဖက်မှုဖြစ်ရပ်များကို တင်ပြရန် ဥပဒေအရတာဝန်ပေးအပ်ခံရသည်။ မတင်ပြခဲ့လျှင်၊ ဥပဒေအရအကျိုးအဆက်များခံစားရနိုင်သည်။

- သင့်အဖွဲ့တွင် ကျူးလွန်သူများနှင့် ကျူးလွန်ခံရသူများ နှစ်ဖက်လုံးပါဝင်နိုင်သည်ကို အမှတ်ယပါ။ တစ်ချို့မှာ နှစ်ခုလုံးဖြစ်နိုင်သည်။ ဤသင်ခန်းစာသည် ကျူးလွန်ခံရသူအတွေ့အကြုံကိုသာ ဗဟိုပြုထားသည်။ အဖွဲ့အတွက်သင့်လျော်လျှင် ကျူးလွန်သူများအကြောင်းဖြည့်စွပ်ချက်ကို အသုံးပြုပါ။

**သင်ထောက်ကူ**
- ပိုစတာအရွယ်စာရွက်၊ မာကာပဲန်၊ ကော်တိတ်
- အစပျိုးခြင်း- အာမနန် နှင့် တာမာပုံပြင်
- အခြားသင်ထောက်ကူ- လျှို့ဝှက်ထားရန်ထုတ်ပြန်ချက်

## သင်ခန်းစာ — ၁ နာရီ ၅၀ မိနစ်

သင်တန်းပေးသူအဆို - "ယခုခေါင်းစဉ်သည် စိတ်ထိခိုက်ဖွယ်ခေါင်းစဉ်ဖြစ်သည်။ စိတ်မသက်မသာဖြစ်ခြင်းကို စတင်ခံစားလာရသည့်မည်သည့်အချိန်မဆို၊ အနားယူသင့်သောကြောင့် အခန်းထဲမှထွက်သွားဖို့အားမနာပါနှင့်။ သင်ဆန္ဒရှိလျှင်၊ သင်နှင့်အတူ တစ်စုံတစ်ယောက်ထွက်၍၊ သင့်နှင့်အတူ နာထောင်းပေးခြင်း၊ ဆုတောင်းပေးခြင်းမျိုးလုပ်ပေးနိုင်သည်။

**<u>အစပျိုးခြင်းနှင့် ဆွေးနွေးခြင်း (၁၅ မိနစ်)</u>**
လမ်းညွှန်ချက်- အဖွဲ့ကြီးတွင် ပုံပြင်ကိုအတူအကွဖတ်ပါ။ အဖွဲ့ငယ်များခွဲပြီး၊ အဖွဲ့များအကြားမေးခွန်းများကိုခွဲပေးပါ။ အဖွဲ့တိုင်းတွင် မှတ်စုရေးမည့်သူတစ်ဦးရှိရမည်။ ထိုနောက် ပြန်လည်တင်ပြပါ။ ရိုးရိုးရှင်းရှင်းဆွေးနွေးနိုင်ပြီး အဖြေများကိုရေးချထားရန်မလိုအပ်ပါ။
က။ ဖတ်ရန်- အာမနန် နှင့်တာမာပုံပြင်
ခ။ ဆွေးနွေးခြင်းမေးခွန်းများ မေးရန်-
- ၁။ ယင်းမုဒိမ်းမှုသည် တာမာအပေါ် မည်သည့်အကျိုးသက်ရောက်မှုရှိစေခဲ့သနည်း။ အာမနန်အပေါ် မှာအဘယ်နည်း။ မိသားစုအပေါ် မှာအဘယ်နည်း။
- ၂။ တာမာ၏မိသားစုသည် သူမအတွက်လုံခြုံသောနေရာတစ်ခုမဟုတ်ကြောင်း ပုံပြင်ထဲရှိ မည်သည့်အချက်က ဖော်ပြနေသနည်း။
- ၃။ ယခုအခြေအနေကို ဒါဝိဒ်ကမည်သို့ကိုင်တွယ်သင့်သည်ဟု သင်ထင်သနည်း။
- ၄။ သင့်ယဉ်ကျေးမှုတွင် မုဒိမ်းမှုကျူးလွန်ခံရသူများကို မည်သို့ဆက်ဆံကြသနည်း။

---

**<u>အပိုင်း (၂)- မုဒိမ်းမှုဆိုတာဘာလဲ။ လိင်ပိုင်းဆိုင်ရာနောက်ယှက်မှုဆိုတာဘာလဲ။</u>** (၅ မိနစ်)
လမ်းညွှန်ချက်- အဖွဲ့ကြီးအနေဖြင့် ဆွေးနွေးပါ။
က။ လိင်ပိုင်းဆိုင်ရာနောက်ယှက်ခြင်းဆိုသည်မှာ လူတစ်ဦးသည်မိမိကိုယ်ကိုယ် အခြားလူတစ်ဦးအပေါ် လိင်ပိုင်းဆိုင်ရာဖိအားပေးသည့်အချိန်ဖြစ်သည်။ လိင်ပိုင်းဆိုင်ရာနောက်ယှက်ခြင်းအမျိုးအစားများတွင်-
- ၁။ ကိုယ်ခန္ဓာရဲ့လိင်အင်္ဂါ မလိုလားထိပါးခြင်း
- ၂။ စော်ကားရန်ကြိုးစားခြင်း
- ၃။ မုဒိမ်းကျင့်ခြင်း
- ၄။ လိင်ပိုင်းဆိုင်ရာမဖွယ်မရာများ ပြုလုပ်ရန် ဖိအားပေးခြင်း

---

ခ။ မုဒိမ်းကျင့်ခြင်းသည် လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်ခြင်း တစ်မျိုးဖြစ်သည်။ တိတိကျကျဆိုရလျှင် မုဒိမ်းကျင့်ခြင်းဆိုသည်မှာ အလိုမတူပဲ လူတစ်ဦး၏စအို၊ ကိုယ်အင်္ဂါ (သို့မဟုတ်) ပါးစပ်ထဲသို့ ကျူးကျော်ဝင်ရောက်ခြင်းဖြစ်သည်။

က။ မုဒိမ်းကျင့်ခြင်းနှင့် အခြားသောလိင်းပိုင်းဆိုင်ရာထိပါးနှောက်ယှက်ခြင်းမှုပုံစံများသည် စော်ကားခံရသူသည် အလိုတူဆောင်ရွက်ခြင်းမရှိလျှင် နာကျင်အောင်ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း အကြပ်ကိုင်ခြယ်လှယ်ခြင်း၊ သို့မဟုတ် ခြိမ်းခြောက်ခြင်းများကို အသုံးချသည်။

၁။ အမျိုးသမီးကြီး၊ အမျိုးသမီးငယ်၊ အမျိုးသားကြီး သို့မဟုတ် အမျိုးသားငယ်တို့တွင် ဖြစ်လာနိုင်သည်။

၂။ ကျူးလွန်သူမှာ မိန်းမ (သို့မဟုတ်) ယောကျာ်းလည်းဖြစ်နိုင်သည်။

ခ။ လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်ခြင်းမှာများသောအားဖြင့် ကိုယ်ရင်းနီးသိကျွမ်းသူ၊ ယုံကြည်ရသူများအားဖြင့် ကျူးလွန်လေ့ရှိသော်လည်း၊ သူစိမ်းတစ်ဦးအားဖြင့်လည်း ကျူးလွန်လာနိုင်သည်။

ဂ။ တည်ငြိမ်သောအချိန်များအတွင်းမှာပင် လိင်းပိုင်းဆိုင်ရာထိပါးနှောက်မှုပြဿနာရှိသည်။ သို့သော် စစ်ပွဲကာလများတွင် ပို၍ဖြစ်ပျက်များသည်။

ဃ။ လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်ခြင်းတွင် ကာမတက်မက်စိတ်ပါနိုင်သော်လည်း အခြေခံအားဖြင့် ထိန်းချုပ်လိုခြင်းနှင့် အာဏာပြခြင်းသက်သက်ဖြစ်သည်။

၁။ တခါတရံ လူတစ်ဦးအား (သို့) အသိုင်းအဝန်းတစ်ခုအား နှိမ့်ချအရှက်ရစေလိုသည်မှာ အဓိကရည်ရွယ်ချက်ဖြစ်သည်။

---

**<u>အပိုင်း (၃) - မုဒိမ်းကျင့်ခြင်းနှင့် အခြားသောလိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်မှုပုံစံများ၏ အကျိုးအဆက်များမှာအဘယ်နည်း။</u>** (၃၅ မိနစ်)

သင်တန်းပေးသူမှတ်ချက်- လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်မှုများသည် လူတစ်ဦး၏ဘဝတစ်ခုလုံးကို ထိခိုက်စေပြီး၊ အချိန်အကြာကြီး နက်သောဒဏ်ရာများကိုချန်ထားသည်။ ထိပါးနှောက်ယှက်ခံရခြင်းကြောင့် စော်ကားခံရသူများသည် ရှက်ကြောက်ခြင်းကိုခံစားရပြီး၊ မကြာခဏဘယ်သူမှမသိအောင် ထိန်းသိမ်းထားကြသည်။ ထုတ်မပြောခြင်းတာကြောင့် အဲဒါက မဖြစ်ပျက်ခဲ့ဘူးလို့ မဆိုနိုင်ပါ။

လမ်းညွှန်ချက်- အဖွဲ့တွင် ယောကျာ်းနှင့်မိန်းမ နှစ်မျိုးလုံးရှိနေလျှင် အပိုင်း (၃) နှင့် (၄) တွင် ဆွေးနွေးရမည့်မေးခွန်းများကို မတူအောင်တင်ပြဆွေးနွေးရမည်။ နောက်ခံအကြောင်းအရာအပေါ် အခြေခံကာ အောက်ပါရွေးချယ်ရာထဲက တစ်ခုကိုရွေးပါ။

၁။ အပိုင်း (၃) နှင့် အပိုင်း (၄) ထဲမှ မေးခွန်းနှစ်ခုအဖို့ အမျိုးသားအဖွဲ့နှင့် အမျိုးသမီးအဖွဲ့ နှစ်ဖွဲ့ခွဲပါ။ ဖြစ်နိုင်လျှင် အမျိုးသားသင်တန်းဆရာမှ အမျိုးသားအဖွဲ့အားဦးဆောင်ကာ၊ အမျိုးသမီးသင်တန်းဆရာမမှ အမျိုးသမီးအဖွဲ့အားဦးဆောင်သင့်သည်။ အဲဒီလိုမျိုးမဖြစ်နိုင်လျှင် အဖွဲ့တိုင်းတွင် သင်ခန်းစာကိုနားလည်သော ရင့်ကျင့်သောခရစ်ယာန်တစ်ဦးအားရှိစေရန် ကြိုတင်ပြင်ဆင်ထားပါ။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် နောက်ပိုင်း အဖွဲ့ကြီးနှင့်ပြန်လည်ဆွေနွေးတင်ပြရာတွင် (ကျား၊မ) ဖြစ်တည်မှုမတူသောသူများကိုနာကျင်စေနိုင်သော၊ မလုံမခြုံခံစားစေသောအရာများကို ဝေမျှခြင်းမျိုးကိုရှောင်ရှားနိုင်စေမည်။ အပိုင်း (၄) မေးခွန်းနံပါတ် (၂) မှ ၎င်းတို့ရဲ့အဆိုများကို အချင်းချင်းဖတ်ပြပေးဖို့ အဖွဲ့အားလုံးပြန်လည်စုစည်းပါ။

၂။ အပိုင်း (၃) မေးခွန်းနံပါတ် (၁) နှင့် (၂)၊ နှင့် အပိုင်း (၄) မေးခွန်း နံပါတ်(၁) ဆွေးနွေးရန် ကျား၊မအားလုံးပါသော အဖွဲ့များဖြင့်ထားနိုင်သည်။ အပိုင်း (၄) အခန်း ၂ အတွက်တော့ အမျိုးသားအဖွဲ့ နှင့် အမျိုးသမီးအဖွဲ့ သီးသန့်ခွဲပါ။ အပိုင်း (၄) မေးခွန်းနံပါတ် (၂) မှ ၎င်းတို့ရဲ့အဆိုများကို အချင်းချင်းဖတ်ပြပေးဖို့ အဖွဲ့အားလုံးပြန်လည်စုစည်းပါ။

၃။ ယခုဆွေးနွေးခြင်းသည် ပထမပိုင်းတွင် မုဒိမ်းကျင့်ခြင်းရဲ့အကျိုးအဆက်များကို အလေးပေးဆွေးနွေးသွားပြီး၊ နောက်ပိုင်းတွင်

အခြားသောလိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်ခြင်းပုံစံများရဲ့အကျိုးအဆက်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောပြပါ။ အဖွဲ့အရွယ်အစားပေါ်မူတည်၍ အဖွဲ့တစ်ချို့ကို မေးခွန်းနံပါတ် (၁) နှင့် ကျန်အဖွဲ့အား မေးခွန်းနံပါတ် (၂) ပေးဖို့စဉ်းစားပါ။

**မေးခွန်း (၁)-** လူတစ်ဦးမုဒိမ်းကျင့်ခံရလျှင် ၎င်းသည် ထိုသူအပေါ်မည်သို့သက်ရောက်မှုရှိစေသနည်း။ (ကိုယ်ခန္ဓာပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဝိညာဉ်ပိုင်းဆိုင်ရာ၊ အမျိုးသမီးများအတွက်သီးသန့်အကျိုးအဆက်များ၊ စော်ကားခံရသူအမျိုးသားများအတွက် သီးသန့်အကျိုးဆက်များ တို့ကိုစဉ်းစားပါ။ ယဉ်ကျေးမှုအရကွဲပြားမှုရှိနိုင်မည်။

၁။ ကိုယ်ခန္ဓာပိုင်းဆိုင်ရာ

က) ပိုးကူးဆက်ခံရခြင်း၊ လိင်အင်္ဂါများအနာတရဖြစ်ခြင်း၊ (သို့မဟုတ်) အခြားသောကိုယ်ခန္ဓာဆိုင်ရာထိခိုက်မှုများ

ခ) အချိန်တိုင်းကြောက်လန့်နေနိုင်သည်။

၂။ စိတ်ပိုင်းဆိုင်ရာ

က) ရှက်ကြောက်ခြင်း၊ မသန့်ရှင်းခြင်းမျိုး နက်ရှိုင်စွာခံစားရနိုင်ပြီ၊ သူတို့ကိုယ်သူတို့ တစ်ခုခုမှားနေသလိုခံစားရမည်။

ခ) ဖျက်စီးခံရသည့် တန်ဖိုးမရှိတော့သော၊ ဆွဲမက်ဖွယ်ရာမရှိသောသူများ အဖြစ်ခံစားရနိုင်သည်။

ဂ) မုဒိမ်းကျင့်ခံရခြင်းကို မေ့ပစ်ဖို့ကြိုးစားခြင်း (သို့) ငြင်းပယ်ခြင်းအားဖြင့် နာကျင်မှုများနည်းစေဖို့ကြိုးစားနိုင်သည်။

ဃ) ကိုယ့်ကိုယ်ကို အပြစ်ဖို့ခြင်း သို့မဟုတ် အပြစ်ခံထိုက်သူများဖြစ်ပြီး အပြစ်ရှိသည်ဟုခံစားရနိုင်သည်။

င) အလွန်ကြေကွဲဝမ်းနည်းရမည်။ အရက်၊ မူးယစ်ဆေးဝါး (သို့) အစားအသောက်များဖြင့် ခံစားချက်များကိုထုံထိုင်းသွားစေရန် ကြိုးစားသည်။

စ) သတ်သေဖို့ကြိုးစားနိုင်သည်။

ဆ) လူတွေအပေါ်ဒေါသအမျက်ထွက်လာမည်။ ဥပမာ- စော်ကားခံရသောအမျိုးသမီးများသည် ရှိသမျှယောကျာ်းတိုင်းကို ဒေါသထွက်မည်။

ဇ) ကိုယ်တိုင်ပင် မတရားပြုကျင့်သူများဖြစ်လာပြီး၊ သူတို့ထိခိုက်နာကျင်ခဲ့သည့်အတိုင်း အခြားသူများကိုလည်း ထိခိုက်စေဖို့ကြိုးစားလာနိုင်သည်။

ဈ) တစ်စုံတစ်ဦးအား ပြောပြခဲ့လျှင် မိသားစုဂုဏ်သိက္ခာညှိုးနွမ်းခြင်း၊ သေဆုံးနိုင်သောကြောင့် ပြောပြရန်ကြောက်နေနိုင်သည်။

ည) မျော်လင့်ချက်မဲ့ကာ ရှုပ်ထွေးမှုများခံစားရနိုင်သည်။

ဋ) ကာမဆက်ဆံခြင်းအားကြောက်ရွံ့သွားခြင်းဖြစ်နိုင်သလို၊ ၎င်းအားဘယ်တော့မှမသာယာခြင်းမျိုးဖြစ်နိုင်သည်။ လူများစွာနှင့်ကာမဆက်ဆံခြင်းအစပြုနိုင်သည်။ မုဒိမ်းကျင့်ခံရခြင်းသည် ၎င်းတို့၏ကာမစိတ်ကို တနည်းတစ်ဖုံ သက်ရောက်မှုရှိစေသည်။

၃။ ဝိညာဉ်ပိုင်းဆိုင်ရာ

က) ဘုရားသခင်အပြစ်ပေးသည်ဟုထင်နိုင်သည်။

ခ) သူတို့ကိုကွယ်ကာဖို့ ဘုရားသခင်အားကိုစား၍မရနိုင်ကြောင်းနှင့် ဘုရားသခင်အပေါ်ဒေါသထွက်နိုင်သည်။

ဂ) သူတို့ကို နတ်ဆိုးများဝင်ပူးနေသည်ဟု ထင်နိုင်သည်။

၄။ စော်ကားခံရသူများအမျိုးသမီးများကြုံရသည့်အကျိုးအဆက်များ၊ ယဉ်ကျေးမှုအရကွဲပြားမှုရှိနိုင်သည်။

က) အိမ်ထောင်ပြု၍မရနိုင်ပါ။

ခ) အဓမ္မပြုကျင့်သူနှင့် လက်ထပ်ရန်တိုက်တွန်းခံရခြင်းနိုင်သည်။

ဂ) အဓမ္မပြုကျင့်ခံရခြင်းကြောင့် ကိုယ်ဝန်ရရှိလာသောအခါ၊ ကိုယ်ဝန်ဖျက်ချရန် စဉ်းစားနိုင်သည်။
ဃ) မိသားစုအား အရှက်ရခြင်းမှကင်းဝေးဖို့ အသေခံရနိုင်သည်။
င) ဒါဟာ အမျိုးသမီးတစ်ဦးဖြစ်နေရခြင်းရဲ့တစ်စိတ်တဒေသ အဖြစ်ယုံကြည်ခံယူနိုင်သည်။
၅။ စော်ကားခံရသူအမျိုးသားများအတွက် အကျိုးအဆက်များ
က) ယောက်ျားအဖြစ်ရှိနေသည့် သူတို့၏ဖြစ်တည်မှုအကြောင်း နားလည်ရခက်လာနိုင်သည်။
ခ) စော်ကားခံရသူ အမျိုးသမီးများထက်ပို၍ပင် အရှက်ကွဲခြင်းကိုခံစားရနိုင်သည်။
လူကြီးတစ်ဦးသည် ကလေးအချိန်တွင်မုဒိမ်းကျင့်ခံရပြီး၊ ဘယ်သောအခါမှအကူအညီမရခဲ့လျှင်၊ ပြန်လည်ကောင်းမွန်လာဖို့ပိုမိုခက်ခဲသည်။

မေးခွန်း (၂) - စော်ကားခံရသူ မိသားစု (သို့မဟုတ်) အိမ်ထောင်အပေါ် မည်သည့်အကျိုးအဆက်များရှိသနည်း။
၁) သူစိမ်းတစ်ဦးအားဖြင့် မုဒိမ်းကျင့်ခံရလျှင် နစ်နာသူအပေါ် မိသားစုများနှင့်အသိုင်းအဝိုင်းများမှ သနားကြင်နာကြသည်။ မုဒိမ်ကျင့်ခြင်းကို မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့လျှင်၊ နစ်နာသူခံစားသကဲ့သို့ စော်ကားခံရသည်ဟု ခံစားရနိုင်သည်။
၂) စော်ကားခံရသူသည် မုဒိမ်းကျင့်ခံရခြင်းကို လျှို့ဝှက်ထားလျှင်
က) သူ၏ချစ်ခင်သူများက သူဒေါသထွက်၊ ဝမ်းနည်းနေရသည့်အကြောင်းအရင်းကို နားလည်နိုင်မည်မဟုတ်ပေ။
ခ) သူ၏အိမ်ထောင်ဖက်ကလည်း လင်မယားကြားဆက်ဆံခြင်းမှာ ယခုအဘယ်ကြောင့်ခက်ခဲနေကြောင်းကို နားလည်နိုင်လိမ့်မည်မဟုတ်ပေ။
၃) မုဒိမ်းကျင့်ခံရသည့်အကြောင်းထုတ်ပြောခဲ့ပြီး၊ မိသားစုဝင်များရင်းနှီးသောသူတစ်ဦးတစ်ယောက်ဖြစ်နေခဲ့လျှင် အခြားသောပြဿနာများဖြစ်လာနိုင်သည်။
က) ယခုကဲ့သို့ဆိုးဝါးသောအရာကိုလုပ်ဆောင်ခဲ့သော လူကို မိသားစုများကလက်ခံလိမ့်မည်မဟုတ်ပေ။
ခ) မုဒိမ်းမှုဖြစ်ပျက်ခဲ့သည်ဟု ယုံကြည်ရလျှင်၊ သူတို့သည် နစ်နာသူကိုစွပ်စွဲအပြစ်ဖို့ကာ၊ အပြစ်ဒဏ်ပေးနိုင်သည်။ အချို့သောယဉ်ကျေးမှုများအရ၊ နစ်နာသူအားသတ်နိုင်သည်။
ဂ) အဓမ္မပြုကျင့်သူသည် ရပ်ရွာအသိုင်းအဝန်းတွင် လေးစားခံရသူတစ်ဦးဖြစ်လျှင်၊ ထိပ်တိုက်ရင်ဆိုင်ရန် ကြောက်ရွံ့နိုင်သည်။
ဃ) ရန်ငြိမ်းစေရန် ဖြစ်ပျက်ခဲ့သည်ကိုငြင်းပယ်ထားပြီး၊ နစ်နာသူအားလိမ်ညာကြောင်းစွပ်စွဲမည်။
င) ကလဲ့စားချေမည့်နည်းလမ်းများကိုစီစဉ်နိုင်သည်။
၄) အိမ်ထောင်သည်အမျိုးသမီးတစ်ဦး မုဒိမ်းကျင့်ခံရလျှင်၊ သူမလင်ယောက်ျားမှာ
က) ကူးစက်ရောဂါရရှိလာမည်ကိုစိုးရိမ်နိုင်သည်။
ခ) ဇနီးသည်အား ညစ်ပေသူအဖြစ်မြင်ကာ၊ အတူနေမနေချင်တာမျိုးခံစားရနိုင်သည်။ ၎င်းအားဖြင့် သူမရဲ့ရှက်ကြောက်ခြင်းနှင့် အထီးကျန်ခံစားမှုများကိုတိုးစေသည်။

**အခြားသောလိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်ခြင်း၏အကျိုးအဆက်များ (၄ မိနစ်)**
သင်တန်းပေးသူ- အောက်တွင်မဖော်ပြထားသည့်အကြောင်းအရာများကို ပေါင်းထည့်ပါ။
၁။ မုဒိမ်းကျင့်ခံရခြင်းရဲ့အကျိုးအဆက်များနှင့် အခြားသော လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်မှုပုံစံများရဲ့ အကျိုးအဆက်များ မည်သို့တူညီနေသနည်း။ မည်သို့ကွဲပြားခြားသနည်း။
က) အခြားသောလိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်ခံရမှုပုံစံများသည်လည်းမတူညီသော အတိုင်းအတာဖြင့် မုဒိမ်းကျင့်ခံရခြင်းကဲ့သို့အကျိုးအဆက်များရှိသည်။

ခ) နစ်နာသူနှင့်အခြားသောသူများသည် ထိုအကျိုးအဆက်များကို ပို၍အလွယ်တကူ ဖယ်ထုတ်ထားတက်ကြသည်။
ဂ) နာကျင်မှုကိုတိုးစေသော အထီးကျန်မှု၊ စိတ်ရှုပ်ထွေးမှုများကိုခံစားရနိုင်သည်။
ဃ) နစ်နာသူများအတွက် ဥပဒေဆိုင်ရာအကူအညီများနည်းပါးခြင်းလည်းဖြစ်နိုင်သည်။

*အဖွဲ့ ငယ်- ရွေးချယ်စရာ (၂) ကိုရွေးချယ်ခဲ့လျှင်၊ အောက်ပါဆွေးနွေးခြင်းအတွက် အမျိုးသားတစ်ဖွဲ့၊ အမျိုးသမီတစ်ဖွဲ့ ယခုခွဲပါ။*

က) မုဒိမ်းကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာထိပါးနောက်ယှက်ခြင်းအကြောင်း အခြားတစ်ဖွဲ့အား သင်ဘာပြောလိုသနည်း။ အဖြေများကိုရေးချထားပါ။ ပြီးနောက် အဖွဲ့ကြီးရှေ့တွင်ဖတ်ပြပေးရန် သင့်လျော်သည့်လူတစ်ဦးကိုရွေးချယ်ပါ။

လူပြန်စုပါ။ အဖွဲ့အသီးသီးတို့မှ ကိုယ်စားပြုတစ်ဦးကို ၎င်းတို့ရဲ့မေးခွန်း (၄) အဖြေများအား အဖွဲ့ကြီးရှေ့ဖတ်ပြစေပါ။ တုံ့ပြန်ချက်ပေးသည့်အချိန်အတွင်း တစ်ဦးတယောက်အားနာကျင်စေနိုင်သောမှတ်ချက်များကို သတိထားပါ။ လိုအပ်သည့်အချိန်တွင် ကြားဝင်ဖြေရှင်းနိုင်သည်။

## အပိုင်း (၄) မုဒိမ်းကျင့်ခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာထိပါးနောက်ယှက်ခြင်းများမှ တစ်စုံတစ်ယောက် ကျန်းမာလာစေဖို့ မည်သို့ကူညီနိုင်သနည်း။ (၃ဂ မိနစ်)

လမ်းညွှန်ချက်- အဖွဲ့ကြီး။ အောက်ပါကောက်နုတ်ချက်ကို ဖတ်ပြီး၊ အောက်ပါမေးခွန်းများကို မေး၍ဆွေးနွေးပါ။ အောက်ပါအဖြေများမပေးထားလျှင်၊ သင်တန်းသားများသိစေဖို့ဖတ်ပြပေးခြင်းမှာလည်း သင်ခန်းစာအတွက် ကောင်းပါသည်။

<u>ကောက်နုတ်ချက်-</u> "မုဒိမ်းကျင့်ခြင်းနှင့် အခြားသောလိင်ပိုင်းဆိုင်ရာထိပါးနောက်ယှက်ခြင်းများမှ နစ်နာသူတစ်ဦးကျန်းမာလာစေရန်အတွက် ဆုံးဖြတ်ချက်များအားတက်နိုင်သမျှ ၎င်းတို့ကိုယ်တိုင်ချရန် ခွင့်ပြုပေးပါ။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ကျူးလွန်သူမှယူဆောင်ဖို့ကြိုးစားခဲ့သော (သို့) ယူဆောင်သွားခဲ့သည့် ၎င်းတို့၏သဘောထားနှင့် အာဏာကို ပြန်လည်ရယူဖို့ အထောက်အကူဖြစ်စေသည်။ အောက်ပါအကူအညီများကိုရရယူဖို့ ကျွန်ုပ်တို့အားပေးနိုင်သည်။

၁။ လိင်ပိုင်းဆိုင်ရာထိပါးနောက်ယှက်ခံရသူသည် မည်သည့်ဆေးဖက်ဆိုင်ရာအကူအညီများ လိုအပ်သနည်း။ သင်နယ်မြေတွင် အောက်ပါအရင်းအမြစ်များမှ မည်သည့်အရာကိုရရှိနိုင်သနည်း။

က) မုဒိမ်းမှုနှင့် လိင်းပိုင်းဆိုင်ရာထိပါးနောက်ယှက်ခြင်းအတွက် ကူညီပေးသောအဖွဲ့အစည်းများတစ်ခုခုရှိလျှင် ဆက်သွယ်ပါ။ နစ်နာသူသည် နိုင်ငံဥပဒေအရလူကြီးအဖြစ်သတ်မှတ်ခံရလျှင်၊ ခွင့်ပြုချက်တောင်းခံပါ။
ခ) တက်နိုင်သမျှ အမြန်ဆုံးကုသမှုခံယူပါ။ နောက်ကျခဲ့လျှင်တောင်မှ၊ ဆေးကုသမှုခံယူဖို့ကောင်းသည်။
ဂ) ဆရာဝန်မှ ကူးစက်ရောဂါ နှင့် အရိုးကျိုးခြင်း (သို့) အတွင်းပိုင်းသွေးယိုခြင်းကဲ့သို့သော ထိခိုက်ဒဏ်ရာများကို စစ်ဆေးပေးသင့်သည်။
ဃ) မုဒိမ်းကျင့်ခံရပြီးနောက် HIVရောဂါနှင့် လိင်ကတဆင့်ကူးစက်သည့်အခြားရောဂါများကို လျော့ကျသွားစေနိုင်မည့်ဆေးဝါးများ ချက်ခြင်း (သို့မဟုတ်) မကြာမီပေးနိုင်သည်။
င) နစ်နာသူသည် ကိုယ်ဝန်ရရှိနေလျှင်၊ သီးသန့်အကူအညီလိုအပ်လိမ့်မည်။

၂။ လိင်ပိုင်းဆိုင်ရာထိပါးနောက်ယှက်ခံရသူသည် မည်သည့်တရားဥပဒေဆိုင်ရာအကူအညီများလိုအပ်သနည်း။ အကူအညီရနိုင်သောအရင်းအမြစ်များမှာ

က) နိုင်ငံအများစုတွင် မုဒိမ်းမှုနှင့် အခြားသောလိင်းပိုင်းဆိုင်ရာထိပါးနောက်ယှက်မှုပုံစံများသည် ပြစ်မှုတစ်ခုဖြစ်သည်။

ခ) ရဲများထံသတင်းပေးပို့ပါ။ နစ်နာသူသည် အသက်အရွယ်ပြည့်ဝသူ လူကြီးဖြစ်ပါလျှင် တင်ပြချက်ကိုသဘောတူညီမှုပေးဖို့လိုအပ်မည်။ နစ်နာသူတို့သည် အမြဲတမ်း ထိုသို့တင်ပြရန် အဆင်သင့်မဖြစ်ကြပေ။ ထိုနယ်ပယ်တွင်အတွေ့အကြုံရှိနှင့်သူ တစ်ဦးတစ်ယောက်က သူတို့နှင့်စကားပြောပြီး၊ လုပ်ဆောင်ရမည့်အရာအားဆုံးဖြတ်နိုင်ရန် သူတို့အား ကူညီပေးနိုင်သည်။

ဂ) နိုင်ငံအများစုတွင် မုဒိမ်းမှုဖြစ်ပွားခဲ့သည်ကိုသိမြင်သော မည်သူမဆို ရဲများထံအကြောင်းကြား တင်ပြဖို့လိုအပ်သည်။ နစ်နာသူသည် သူယုံကြည်သောသူ တစ်ဦးတစ်ယောက်နှင့်အတူ ဆရာဝန်ထံသို့၎င်း၊ ရဲများထံသို့၎င်း သွားရောက်သင့်သည်။ သို့မှသာ သက်သောင့်သက်သာရှိပြီး၊ အကူအညီရမည်။ ရဲများနှင့် ဆရာဝန်များသည် မကြာခဏ သက်သောင့်သက်သာမဖြစ်စေသော မေးခွန်းများမေးတက်ကြသည်။

၃။ မည်သည့်စိတ်ပိုင်းဆိုင်ရာ အကူအညီများ သူတို့လိုအပ်သနည်း။

က) ထိုကိစ္စကိုသိုသိပ်ထိန်းသိမ်းထားနိုင်မည့် ယုံကြည်ရသူတစ်ဦးနှင့်စကားပြောပါ။ သူတို့တွေ့ဆုံလိုသည့်လူကို ရွေးချယ်ခွင့်ပြုပါ။

ခ) နစ်နာသူသည် သူ၏အမျက်ဒေါသ၊ ဝမ်းနည်းခြင်း၊ လိင်ပိုင်းဆိုင်ရာအကြောင်းအရာများ၊ နှင့် ယုံကြည်ခြင်းနှင့်ပတ်သက်၍သံသယစိတ်များတို့အပါအဝင် ခံစားချက်များထုတ်ဖော်နိုင်မည့် လုံခြုံသောနေရာကိုဖန်တီးပေးနိုင်သည့် နားထောင်ပေးသူကိုလိုအပ်သည်။

♦ နစ်နာသူအပေါ် အပြစ်တင်ခြင်း၊ အမှားပြင်ပေးခြင်းများမလုပ်ပဲနားထောင်ပေးဖို့လိုအပ်သည်။

ဂ) လိင်းပိုင်းဆိုင်ရာထိပါးနောက်ယှက်ခံရခြင်းကြောင့် ရသောစိတ်ဒဏ်ရာသည် သက်သာပျောက်ကင်းရန် အချိန်ကြာသည်နှင့်အမျှ နားထောင်ပေးသူသည် စိတ်ရှည်၍၊ စိတ်နစ်ပြီးနားထောင်သူ စစ်စစ်ဖြစ်ဖို့လိုအပ်သည်။

ဃ) သူတို့အပေါ်တွင်ရှိနေသည့် ထိပါးနောက်ယှက်ခြင်းရဲ့အကျိုးအဆက်များကို နစ်နာသူများမြင်လာစေဖို့ နားထောင်ပေးသူများက ကူညီပေးရမည်။

င) နစ်နာသူများသည် သူတို့နှင့်ရင်းရင်းနှီးနှီးရှိနိုင်ဖို့ စိတ်ဝင်စားသောနားထောင်သူများကိုလိုအပ်သည်။ နားထောင်ပေးသူမှာ ဆန့်ကျင်ဘက်လိင်ဖြစ်နေလျှင် ယုံကြည်ရသူနောက်ထပ်တစ်ဦးရှိနေသင့်သည်။

၄။ မည်သည့်ဝိညာဉ်ရေးရာ အကူအညီများသူတို့လိုအပ်သနည်း။

က) နစ်နာသူတို့သည် ၎င်းတို့အားဘုရားသခင် ကွယ်ကာမစခြင်းမပြုခဲ့သောကြောင့် ဘုရားသခင်အပေါ်အပြစ်တင်၊ ဒေါသထွက်နိုင်သည်။ ထို့ကြောင့် ဖြစ်ပြီးခါစတွင် ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာအကြောင်းပြောသံများနှင့် နှုတ်ကပတ်တော်ကိုကြားနာခြင်း (သို့) ဘုရားသခင်ထံဆုတောင်းလိုသောစိတ်ဆန္ဒများရှိလိမ့်မည်မဟုတ်ပေ။ ဤသို့ခံစားရခြင်းမှာ ပုံမှန်ဖြစ်သည်။

ခ) ဘုရားသခင်မေတ္တာတော်ကို ၎င်းတို့ထံသို့ရိုးရိုးသားသားပြသပေးမည့်လူကို သူတို့လိုအပ်သည်။ ထိုလူများက သူတို့အားတန်ဖိုးထား၊ ချစ်ခင်ပေးကြောင်းကို သိမြင်သောအခါ သူတို့မပျက်စီးခဲ့ကြောင်း တဖြည်းဖြည်း နားလည်လာလိမ့်မည်။ ဤနေရာတွင် အိမ်ထောင်ဖက်များနှင့် မိသားစုဝင်များက အဓိကဆောင်ရွက်နိုင်သည်။

ဂ) သူတို့အနေဖြင့် ဘုရားသခင်ကို စိတ်ဆိုးခြင်းမှာလည်းအဆင်ပြေကြောင်း နစ်နာသူများသိဖို့လိုအပ်သည်။ ဘုရားသခင်သည် သူတို့အပေါ်နားလည်ပြီး၊ ချစ်မြဲနှင့်လက်ခံဆဲဖြစ်သည်။ ခံစားချက်များကိုဖုံးကွယ်ထားခြင်းထက် အမှန်အတိုင်းဖွင့်ပြခြင်းက သူတို့အတွက်ပိုကောင်းပါသည်။ ဝိချင်းတေးသွားများ ရေးသားခြင်းမှာလည်း သူတို့ခံစားချက်များဖော်ပြနိုင်သည့်နည်းလမ်းတစ်ခုဖြစ်သည် (ဝမ်းနည်းခြင်းသင်ခန်းစာရှိ "ဝိချင်းတေးများ" ကိုကြည့်ပါ)

ဃ) နောက်ဆုံးတွင် ဘုရားသခင်၏နှုတ်ကပတ်တော်မှ နစ်သိမ့်မစခြင်းနှင့် သူတို့အတွက်အခြားသူများဆုတောင်းပေးဖို့ လက်ခံလိုစိတ်ရှိလာနိုင်မည်။ အထောက်အကူဖြစ်စေသော ကျမ်းချက်များမှာ ဆာလံ ၉း၉-၁၀၊ ဆာလံ ၁၀း၁၇-၁၈ တို့ဖြစ်သည်။

င) နစ်နာသူများအသင့်ဖြစ်သည့်အချိန်တွင် ဆုတောင်းခြင်းဖြင့် သူတို့ရဲ့နာကျင်မှုများကို ဘုရားသခင်ထံယူဆောင်လာပြီး၊ အနာငြိမ်းခြင်းအတွက်တောင်းလျှောက်နိုင်သည်။ လိင်ပိုင်းဆိုင်ရာနောက်ယှက်ခံရခြင်းမှ သူတို့ပျောက်ဆုံးခဲ့သည့်အရာများအတွက် တိတိကျကျတောင်းလျှောက်ရန် အားပေးပါ။ ဥပမာ- ဖြူစင်ခြင်း၊ပျော်ရွှင်ခြင်း၊ အပြစ်ကင်းစင်မှု။ ထိုအရာများအား သူတို့အတွက် ဘုရားသခင်ပြန်လည်ထိန်းသိမ်းပေးဖို့ တောင်းလျှောက်နိုင်သည်။ (ဆာလံ ၇၁း၂၀-၂၁)

၅။ အထောက်အကူဖြစ်သောအသင်းတော်ရပ်ဝန်းတစ်ခု- အသင်းတော်ခေါင်းဆောင်များသည်

- ♦ နစ်နာသူများအတွက်ဆုတောင်းပေးခြင်းနှင့် တရားဒေသနာများတွင် လိင်ပိုင်းဆိုင်ရာနောက်ယှက်မှုများအကြောင်းပြောကြားသည်။ ဤအရာသည် လိင်ပိုင်းဆိုင်ရာနောက်ယှက်ခံရခြင်းအား လျှို့ဝှက်ထိန်းသိမ်းထားသောသူများအတွက် မျော်လင့်ချက်တစ်ခုဖြစ်ပြီး၊ ၎င်းအကြောင်းကို တစ်စုံတစ်ယောက်နှင့် ပြောဆိုဖို့စိတ်ဆန္ဒလာစေရန် ကူညီပေးသည်။
- ♦ အသင်းတော်ရှိ နားထောင်နိုင်စွမ်းရှိသူများကို ရွေးချယ်ပြီး၊ ထိုစွမ်းရည်များတိုးတက်လာအောင် လေ့ကျင့်ပေးသည်။
- ♦ အသင်းသားများကို ငိုချင်းများရေးသားခြင်းအလေ့အကျင့်ကိုလုပ်ဆောင်ပေးသည်။ ထို့ကြောင့် ၎င်းတို့၏ဒေါသနှင့် နာကျင်မှုများကို ဘုရားသခင်ထံဖော်ပြလို့ရကြောင်း သိကြသည်။

ခ) ခက်ခဲသောဖြစ်စဉ်ဖြစ်သည့် ခွင့်လွှတ်ခြင်းအပိုင်း၌ ကူညီပေးနိုင်သည်။

၁။ နစ်နာသူများ၏နလုံးသားများရှိနာကျင်မှုများကို ပျောက်ကင်းစေဖို့ဘုရားသခင်အစပြုချိန်တွင် သူတို့ထံကျူးလွန်လာသူအား ခွင့်လွှတ်ပေးရမည့် ခက်ခဲသောအလုပ်ကို သူတို့စတင်လုပ်ရမည်။

၂။ အချိန်ကြာ၍၊ ခက်ခဲနိုင်သည်။

၃။ ခွင့်လွှတ်ခြင်းဆိုသည်မှာ ကျူးလွန်သူသည် သူခံရမည့်အကျိုးအဆက်များအားရင်ဆိုင်စရာမလို ဟု မဆိုလိုပါ။

- ♦ အမှန်တကယ်ခွင့်လွှတ်ပေးပြီး၊ ကျူးလွန်သူအား တရားရုံးသို့ခေါ်ဆောင်နိုင်သည်။
- ♦ ခွင့်လွှတ်ခြင်းမှာ ပြန်လည်သင့်မြတ်ခြင်းမဖြစ်နိုင်ပါ။
- ♦ အပြစ်ကျူးလွန်သူနှင့် လုံခြုံသောပေါင်းသင်းဆက်ဆံရေး နောက်တဖန်ဘယ်တော့မှမရှိနိုင်ပါ။

ဂ) ကျူးလွန်သူသည် အပြစ်ဒဏ်ပေးခြင်းမခံရလျှင်၊ ထိုသူအားခွင့်လွှတ်ပေးဖို့ ပိုမိုခက်ခဲလာသည်။ ဘုရားသခင်သည် မတရားသောစီရင်ချက်များကို မုန်းတီး၍၊ သူတို့ခံရသော မတရားသောအရာများအတွက် ပြန်ဆပ်ပေးမည်ဖြစ်ကြောင်းကို သတိယခြင်းဖြင့် နစ်နာသူများအတွက် သက်သာရာရစေနိုင်သည်။ (ဟေရှာယ ၆၁း၈က၊ ဟေရှာယ ၅၉ း၁၄-၁၉)

**<u>မုဒိမ်းကျင့်ခံရခြင်းမှမွေးဖွားလာသော ကလေးများမှာ အဘယ်သို့နည်း။ (၁၀ မိနစ်)</u>**

<u>လမ်းညွှန်ချက်- အဖွဲ့ငယ်၊ အောက်ပါမေးခွန်းများကိုဆွေးနွေးပါ။ ပြန်လည်တင်ပြပါ။</u>

က) သူတို့လိုအပ်ချက်များမှာအဘယ်နည်း။

၁။ ရံဖန်ရံခါ သူတို့သည် မိသားစုများရဲ့ပြစ်ပယ်ခြင်ကိုခံရသည်။ အထူးဖြင့် မိခင်များထံမှဖြစ်သည်။

၂။ အလွန်ပင်လျစ်လျူရှုထားခံရ (သို့) နံခြာစွာဆက်ဆံခံရခြင်းကြောင့် သေဆုံးနိုင်သည်။

၃။ ဖခင်မရှိသောကြောင့် လှောင်ပြောင်ခံရနိုင်သည်။

၄။ ညီအစ်ကိုမောင်နှမများကလည်း မိသားစုဝင်အဖြစ်မသတ်မှတ်ကြပေ။

ခ) ထိုကလေးများကို မည်သို့ကူညီနိုင်သနည်း။
၁။ တရားဟောရာကျမ်း ၁၀း၁၈ - မိဘမရှိသူများအတွက်အထူးမေတ္တာတော်
၂။ ဆာလံကျမ်း ၆၈း၅-၆က - မိဘမဲ့များကိုဂရုစိုက်၍၊ မုဆိုးမများကိုကွယ်ကာ၊ ပေါက်ဖော်မရှိသူများကိုအိမ်ထောင်ချပေး
၃။ ထိုကလေးများအား ဘုရားသခင်ချစ်သကဲ့သို့ ကျွန်ုပ်တို့ချစ်နိုင်ဖို့တောင်းလျှောက်ရမည်။
၄။ အခြားကလေးများထက် ထိုသို့သောကလေးများသည် ကျွန်ုတို့ရဲ့ချစ်မေတတာကိုပိုလိုအပ်သည်။
၅။ သူတို့သည် မတော်တဆဤလောကသို့ရောက်ရှိလာခြင်းမဟုတ်ကြောင်း သူတို့သေချာသိစေဖို့ နှုက်ကပတ်တော်အားဖြင့် အထူးသင်ကြားပေးဖို့လိုသည်။

- ဆာလံ ၁၃၉ း ၁၃-၁၈
- ဟေရှာယ ၄၉ း၁၅

၆။ သူတို့မွေးဖွားလာရခြင်းအခြေအနေများအတွက် ထိုကလေးများတွင်တာဝန်မရှိပါ။
ဂ) သင့်လျော်သောအသက်အရွယ်ရောက်ရှိချိန်၊ သူတို့ဖခင်ဟာဘယ်သူ ဘယ်ဝါဖြစ်ကြောင်း အမှန်အတိုင်းပြောပြနိုင်သည်။ ဤအကြောင်းနှင့်ပက်သက်၍ပြောပြရမည့်နည်းလမ်းကို ကလေးများနှင့်လက်တွေ့လုပ်ဆောင်နေသူ တစ်ဦးတစ်ယောက်ထံမှ အကူအညီရနိုင်လျှင်ကောင်းသည်။
၂။ အသင်းတော်ခေါင်းဆောင်များသည် အသိုင်းအဝိုင်းမှကလေးငယ်ကို လက်ခံလာနိုင်ဖို့ကူညီနိုင်သည်။
က) မုဒိမ်းကျင့်ခံရခြင်းမှရလာသောကလေးတစ်ဦးအားကြိုဆိုခြင်းသည် ကျွန်ုပ်တို့ရဲ့နောက်ခံသမိုင်းကြောင်းအား အမှုမထားဘဲ ကြိုဆိုပေးသည့်ဘုရားသခင်၏ပုံစံနမူနာ တစ်ခုဖြစ်သည်။
ခ) အသင်းတော်သည် ဆက်ကပ်အပ်နှံခြင်း (သို့) ဗတ္တိဇံမင်္ဂလာခံယူချိန်၌ ကလေးနှင့်မိသားစုအတွက်ကောင်းကြီးမင်္ဂလာတောင်းခံပေးနိုင်သည်။ (မိသားစုများအတွက် ပို၍အရှက်ရစရာမဖြစ်သွားစေရန် ဤသို့ပြုလိုပ်ခြင်းကို သတိထားပြုလုပ်ဖို့လိုသည်။)

---

**နိဂုံး (၅ မိနစ်)**

က။ ဤသင်ခန်းစာမှ သင်အမှတ်ယလိုသည့်အရာတစ်ခုက ဘာလဲ။
ခ။ အဲဒါကို အတွဲလိုက်အချင်းချင်းဝေငှပြီး၊ အပြန်အလှန်ဆုတောင်းပါ။

---

Addendum:

<u>**အပြစ်ကျူးလွန်သူများသည် ဘာကိုလိုအပ်သနည်း။ (၂၀ မိနစ်)**</u>
လမ်းညွှန်ချက်-အဖွဲ့ကြီး
သင်တန်းပေးသူအတွက်မှတ်ချက်- လွန်ကျူးသူသည် သူတို့အပြစ်မှနောက်တရဖို့နှင့် အသိုင်းအဝိုင်းနှင့်ချိတ်ဆက်ဖို့ လိုအပ်သည်။ ၎င်းကိုအသင်းတော်မှကူညီပေးနိုင်သည်။

**ကျူးလွန်သူများသည် အစစ်မှန်နောင်တရဖို့လိုပြီး၊ သူတို့အပြုအမူများအားဖြင့် သက်သေပြဖို့လိုသည်။ လူတစ်ဦးအမှန်တကယ်နောင်တရနေကြောင်း ပြသနေသည့်လက္ခဏာရပ်များမှာ အဘယ်နည်း။**

က။ ရိုးသားစွာဝန်ခံခြင်း
၁။ သူတို့ပြုခဲ့သည့်အရာများကို အမှန်အတိုင်း အခြားသူများနှင့် ကိုယ်ကိုယ်ကို ပြောပြခြင်း။

၂။ ပြုခဲ့သည့်အရာများအတွက် နောင်တရခြင်း
၃။ နာကျင်ခဲ့မိသည့်အရာများအတွက်တာဝန်ယူခြင်း
၄။ အခြားသူများအပေါ် အာဏာပြလိုသည့် သူတို့ရဲ့ဆန္ဒအခြေအမြစ်များကို ရှာဖွေခြင်း
၅။ အပြစ်များအတွက် ဘုရားသခင်ရှေ့ဝန်ခံပြီး၊ ဘုရားသခင်ထံမှခွင့်လွှတ်ခြင်းကို လက်ခံရရှိခြင်း။

ခ။ ထိခိုက်နစ်နာမှုများအတွက်ပြင်ဆင်ပေးရန် အားစိုက်ထုတ်မှုများ
၁။ နစ်နာသူမှစကားပြောဖို့အလိုရှိလျှင်၊ ခွင့်လွှတ်ပေးဖို့အတွက် နစ်နာသူအာတောင်းခံမည်။
၂။ သင့်တင့်သောလုပ်ဆောင်ချက်များဖြင့် သူတို့ရဲ့နောင်တကိုပြသခြင်း (တောလည် ၅း၅-၇၊ လုကာ ၃း၈၊ တမန် ၂၆း၂၀ခ)။
၃။ ယုံကြည်မှုကိုပြန်လည်တည်ဆောက်ဖို့အချိန်ယူရမည်ဖြစ်ကြောင်းကို သူတို့လက်ခံသည်။
၄။ ပြန်လည်သင့်မြတ်ခြင်းမှာ ဘယ်တော့မှဖြစ်မလာနိုင်ကြောင်း လက်ခံသည်။

ဂ။ စည်းမျဉ်းနှင့် ကြပ်မတ်စောင့်ကြည့်ခြင်းအားဆန္ဒရှိစွာလက်ခံခြင်း
၁။ သူတို့ကိုယ်ကိုယ် အခြားသူတစ်ဦးတစ်ယောက်ထံအပြည့်တာဝန်ပေးအပ်သည်။
၂။ သူတို့ပြုခဲ့သောအရာအတွက် ဥပဒေဆိုင်ရာ၊ လူမှုရေးဆိုင်ရာအကျိုးအပြစ်များကို လက်ခံသည်။
၃ အသင်းတော်ထဲမှဖြစ်လျှင်၊ သူတို့လုပ်ခဲ့သောအရာကို သင်းအုပ်ဆရာထံအသိပေးပြီး၊ အပြစ်ကင်းသူကိုကာကွယ်ရန် အသင်းတော်မှချမှတ်သော မည်သည့်တားမြစ်ချက်မဆိုနာခံခြင်းသည်။

**ကျူးလွန်သူများသည် ကိုယ်တိုင်အတွက်သော်၎င်း၊ အခြားသောသူများသော်၎င်း၊ လုံခြုံမှုရှိသည့်ရပ်ဝန်းကို တွေ့ကြုံခံစားရဖို့ လိုအပ်သည်။**

က။ အသင်းတော်တစ်ခုသည် လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်မှုအားကျူးလွန်သူများအတွက်သော်၎င်း၊ အခြားသောသူများအတွက်သော်၎င်း ဘေးကင်းလုံခြုံမှုရှိသောရပ်ဝန်းတစ်ခုတွင် ကျူးလွန်သူများအတွက်အခွင့်အရေးများ မည်သို့ပြင်ဆင်ပေးနိုင်သနည်း။
၁။ လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်မှုကျူးလွန်သူများသည် အသိုင်းအဝိုင်းနှင့် အဓိပ္ပါယ်ရှိသောချိတ်ဆက်မှုများပြုလုပ်ဖို့ လိုအပ်သည်။
၂။ တစ်ဦးတည်း သီးသန့်ဖယ်ထားခံရခြင်းဖြင့် အခြားသူများအားပို၍ အန္တရာယ်ပြုနိုင်ချေရှိသည်။
၃။ သင်းတော်မှ ရင့်ကျက်သည့်အသင်းသားများအဖွဲ့အား သူတို့နှင့် ပုံမှန်တွေ့ဆုံ၍၊ တပည့်တော်ဖြစ်စေဖို့ရန် တာဝန်ပေးနိုင်သည်။
၄။ လူတို့သည် လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှုကျူးလွန်ခြင်းမှ စစ်မှန်စွာနောတရခဲ့သည်ဟုဆိုလျှင်ပင်၊ အားနည်းသောသူလူများကိုထိုသူများနှင့်ဘယ်သောအခါမှ သီးသန့်ရှိမနေစေဖို့ အသင်းတော်များအနေဖြင့် ချင့်ချိန်မှုများကို ပြုလုပ်သင့်သည်။
က) အသင်းတော်တွင် ခေါင်းဆောင်များဖြစ်ခဲ့ဖူးသည့် ကျူးလွန်သူများအတွက်လည်းပါသည်။
ခ) သူတို့ကို ခေါင်းဆောင်မှုအပိုင်းမှ ထုတ်ပယ်ရမည်။
ဂ) စစ်မှန်စွာနောင်တရကြောင်းသူတို့ပြသခဲ့လျှင် ဘုရားသခင့်လူများအားအစေခံရန် အခြားသောတာဝန်များကို လွှဲပြောင်းပေးအပ်ခံနိုင်သည်။ (ယေဇယေ၊ ၄၄း၁၀-၁၄)

**ကျူးလွန်သူများ ကိုယ်တိုင်သည် နစ်နာသူဖြစ်ခဲ့လျှင် သူတို့၏နလုံးဒဏ်ရာများကို ကုစားဖို့လိုအပ်သည်။**
တစ်ချို့ကျူးလွန်သူများသည် လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်ခံရသူ (သို့) မတရားပြုကျင့်ခံရဖူးသူများဖြစ်ကြသည်။ အထက်ပါအပိုင်း (၄) တွင်တွေ့ရှိခဲ့သကဲ့သို့ သူတို့လည်းအကူအညီလိုအပ်ကောင်းလိုအပ်လိမ့်မည်။

## RAPE AND OTHER FORMS OF SEXUAL ASSAULT

**References**:

*Healing the Wounds of Trauma: Facilitator Guide for Healing Groups (Stories from North America). © 2021* American Bible Society and SIL International. All rights reserved. Adapted and compiled from *Healing the Wounds of Trauma: How The Church Can Help,* Expanded edition © 2016 SIL International and American Bible Society; *Healing The Wounds Of Trauma: How The Church Can Help,* North American Edition © 2014 SIL International and American Bible Society; and *Starter Handbook for Healing Groups* © 2015, 2016 American Bible Society and SIL International.

## RAPE AND OTHER FORMS OF SEXUAL ASSAULT – STARTER

*The Story Of Amnon and Tamar (တာမာနှင့် အာမနုန် ပုံပြင်)*

အာမနုန်သည် ရှင်ဘုရင်ဒါဝိဒ်၏သားဦးဖြစ်ပြီး၊ ပထမဦးဆုံးဆက်ခံသူဖြစ်မည့်သူဖြစ်သည်။ သူသည် သူ၏ညီမဝမ်းကွဲတော်သူ တာမာကိုစွဲလမ်းလွန်းလို့ဖျားနာခြင်းကိုခံစားနေရသည်။ တာမာသည်အပျိုစင်စစ်ဖြစ်ပြီး၊ အာမနုန်ကသူမကိုသိမ်းပိုက်နိုင်မည်ဟုမထင်ပါ။

သူ့ဝမ်ကွဲညီက သူဝမ်းနည်းနေတာကိုမြင်တဲ့အခါ၊ "အာမနုန်ကို ဘာပြဿနာရှိလို့လဲ၊ ရှင်ဘုရင်ရဲ့သားတော်ဖြစ်ပြီး မနက်တိုင်း ဘာကြောင့်ဝမ်းနည်းနေရတာလဲ" လို့မေးခဲ့တယ်။

အဲဒါနဲ့အာမနုန်က "တာမာကိုချစ်စိတ်ကြောင့်" လို့ပြန်ပြောခဲ့ပါတယ်။

ဝမ်းကွဲညီက "ခုတင်မှာတုံးလုံးလှဲနေပြီး နာဟန်ဆောင်ပါ။ ခမည်းတော်အကြည့်အရှုကြွလာတဲ့အခါမှာ တာမာကို အရှင့်သားအတွက်အစားအစာယူလာခိုင်းဖို့ အကူအညီတောင်းလိုက်ပါ။" ဟုပြောခဲ့တယ်။

ရှင်ဘုရင်ကအာမနုန်ကိုလာတွေ့တဲ့အခါ၊ အာမနုန်က သူ့ဝမ်းကွဲညီပြောခိုင်းတဲ့အတိုင်းပြောခဲ့တယ်။ အဲဒါနဲ့ ရှင်ဘုရင်ဒါဝိတ်လည်း တာမာကို အာမနုန်အတွက်အစားအစာချက်ပေးဖို့ သူ့အိမ်သွားဖို့မှာကြားခဲ့တယ်။

အာမနုန်ရဲ့အိမ်ကို တာမာရောက်သွားတဲ့အခါ သူအိပ်နေတဲ့နားကိုသွားပြီး သူ့အကြိုက်ဆုံးအစားအစာကို ပြင်ဆင်ပေးခဲ့ပါတယ်။ အစားအစာထည့်ထားတဲ့လင်ပန်းကို သူ့ရှေ့ကမ်းလိုက်တဲ့အခါ သူသည်အစာမစားပဲနေကာ "အားလုံးထွက်သွားကြ" ဟုအစေခံတွေကိုအမိန့်ပေးခဲ့တယ်။ အဲဒါနဲ့အစေခံတွေအားလုံးထွက်သွားကြတယ်။

အဲဒီနောက် တာမာအား "အစာကိုငါ့အိပ်ရာစီယူလာပြီး ခွံကျွေးပါ" လို့ပြောတာနဲ့ တာမာလည်း ယူသွားပေးတယ်။ အစားကိုခွံ့ကျွေးနေချိန် သူမလက်ကိုဆွဲပြီး "ငါနဲ့အိပ်ပါ" လို့အတင်းအကြပ်ပြောတယ်။

တာမာကလည်း ငိုလျှက် "မလုပ်ပါနဲ့ငါ့မောင်" "မမိုက်စမ်းပါနဲ့။ ငါ့ကိုအဲလိုမလုပ်နဲ့။ ဣသရေလအမျိုးထဲမှာ ဒီလိုဆိုးညစ်တဲ့အမှုကို မပြုပါနဲ့။ အဲဒီအရှက်တရားနဲ့ငါဘယ်လိုကင်းနိုင်မလဲ။ သင်လည်းဣသရေလအမျိုးတွင်မိုက်မဲသောသူတစ်ဦးဖြစ်သွားလိမ့်မည်။ ရှင်ဘုရင်ကို တောင်းလျှောက်ရင် ငါ့ကိုလက်ထက်ဖို့သူခွင့်ပြုမှာပါ" လို့ပြောခဲ့တယ်။

ဒါပေမဲ့ အာမနုန်က သူမစကားကို နားမထောင်ခဲ့ပါ။ သူမထက်အားသန်တဲ့သူဖြစ်တော့ သူမကိုအဓမ္မပြုကျင့်ခဲ့တယ်။ အဲဒီနောက် အာမနုန်ရဲ့အချစ်တွေက အမုန်တရားအဖြစ်ပြောင်းလဲသွားပြီး၊ သူမကို ချစ်ခဲ့တာထက် ပို၍မုန်းအားကြီးခဲ့တယ်။ "ဒီနေရာကအခုထွက်သွား" လို့မောင်းထုတ်ခဲ့တယ်။ တာမာကလည်း "အကြောင်းမရှိပါ။ ငါကိုပြုခဲ့တာထက် ယခုလိုနှင်ထုတ်တာပိုအပြစ်ကြီးတယ်" လိုငိုကြွေးခဲ့တယ်။

ဒါပေမဲ့ သူမစကားကို အာမနုန်နားမထောင်ခဲ့ပါ။ "ဒီအမျိုးသမီးကိုမောင်းထုတ်လိုက်၊ ပြီးရင်တံခါးပိတ်လိုက်" လို့ အစေခံတွေကိုအော်ပြောလိုက်တယ်။

အစေခံတွေလည်းသူမကိုမောင်းထုတ်ခဲ့တယ်။ အရမ်းလှပတဲ့ဝတ်စုံကိုဝတ်ထားခဲ့ပေမဲ့လည်း အခုတော့ သူမ အဝတ်တွေကို ဆုတ်ဖြဲပြီး ခေါင်းပေါ်မှာပြာတင်ငိုကြွေးနေခဲ့တယ်။ လက်နှစ်ဖက်နဲ့မျက်နှာကို အုပ်ပြီးငိုကာပြန်သွားခဲ့တယ်။

သူမရဲ့အစ်ကိုဖြစ်သူ အဇရုလုံမြင်တော့ "ညီမလေးနဲ့အတူ အာမနန်ရှိနေခဲ့တာ အမှန်ပဲလား" လို့မေးခဲ့ပြီး၊ သူကမင်းမောင်လေးပဲဆိုတော့ အခုတိတ်တိတ်နေပါ။ ဘာမှအမှတ်မထားနဲ့" လို့ပြောခဲ့တယ်။ အဲဒါနဲ့ တာမာလည်းသူ့မောင်အဇရုလုံရဲ့အိမ်မှာဆိတ်ညံ့စွာနေလေတယ်။

ဖြစ်ပျက်ခဲ့တဲ့အရာတွေကို ရှင်ဘုရင်ဒါဝိတ်ပြန်ကြားတဲ့အခါ သူအရမ်းဒေါသထွက်ခဲ့ပေမဲ့ အာမနန်က သူ့အချစ်ဆုံးသားဖြစ်တာကြောင့် ဘာအပြစ်ဒဏ်မှမပေးခဲ့ပါ။

အဇရုလုံက အာမနန်လုပ်ခဲ့တဲ့အရာတွေကြောင့်သူ့ကို မုန်းတီးကာ သတ်ချင်ခဲ့ပါတယ်။ ၂ နှစ်ကြာပြီးနောက်၊ အာမနန်ကိုလှည့်ဖျားပြီး၊ သတ်နိုင်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်း၊ သူ့ခမည်းတော်ရဲ့အမျက်ဒေါသကနေ လွတ်မြောက်ဖို့ အခြားနိုင်ငံမှာထွက်ပြေးခိုလှုံခဲ့ရပါတယ်။

အဲဒီမှာသုံးနှစ်နေပြီး နောက်ဆုံးတွင် ဒါဝိတ်က ယေရုရှလင်မြို့ကိုပြန်ခေါ်ခဲ့ပါတယ်။ သို့သော် အဲဒီနောက်တောင်မှ ဒါဝိတ်ကသူ့ကိုမတွေ့ခဲ့ပါ။ ဒါဝိတ်အပေါ် အဇရုလုံမုန်းတီးလာခဲ့ပြီး ထီးနန်းလုဖို့ကြိုးစားခဲ့ပြီး ကြိုးပမ်းရင်းသေဆုံးခဲ့ပါတယ်။ အဲဒါဟာ ရှင်ဘုရင်ဒါဝိတ်ကိုပိုဝမ်းနည်းစေခဲ့ပါတယ်။ ( ဓမ္မရာဇဝင် ဒုတိယစောင် ၁၃ ကိုအကျဉ်းချုပ်ထားသည်)

## *Statement of Confidentiality လျှို့ဝှက်ချက်စာတမ်း*

## **Confidentiality လျှို့ဝှက်ချက်**

ဤသင်ခန်းစာများနှင့် ၎င်းတို့ရဲ့ကိုယ်ပိုင်အတွေ့အကြုံများအားဖြင့်လုပ်ဆောင်ဖို့ရန် စိတ်ဒဏ်ရာကုစားခြင်းဖြစ်စဉ်တွင် လူများအတွက်လုံခြုံစိတ်ချရသောနေရာတစ်ခုလိုအပ်သည်။ ယခုသင်ခန်းစာတွင်ပါဝင်လာသူနေဖြင့်၊ အဖွဲ့တွင်းမှ အခြားသူများဝေမျှခဲ့သောအရာများကို ဝေမျှခြင်းမပြုဖို့တောင်းဆိုပါသည်။ ကိုယ့်အကြောင်းကို မည်သူကိုမဆိုကြိုက်သလို ကျွန်ုပ်တို့ဝေမျှနိုင်သော်လည်း အခြားသူရဲ့အကြောင်းများကို ၎င်းတို့၏ခွင့်ပြုချက်ရမှသာ ဝေမျှနိုင်သည်။ ကျမ်းစာထဲက အတင်းအဖျင်းပြောခြင်းကိုဆန့်ကျင်သတိပေးထားသလို၊ ယုံကြည်ရသူများသည် လျှို့ဝှက်ချက်ကို ထိန်းသိမ်းတက်ကြောင်း ထပ်ခါထပ်ခါ ဖော်ပြထားသည်။

သင်တန်းဆရာကလည်း လျှို့ဝှက်ထားရမည်။ သို့သော်လည်း အခြားသူများနှင့် သတင်းအချက်အလက်များဝေမျှရမည့်နေရာ အခြေအနေတစ်ချို့ရှိသည်။
၁။ ကလေးငယ်တစ်ဦးအားမတရားပြုကျင့်ခြင်း

က) ဤစိတ်ဒဏ်ရာများကုစားခြင်းသင်ခန်းစာများကို ကူညီသင်ကြားပေးနေချိန်အတွင်း၊ အရွယ်မရောက်သူညီငယ်တစ်ဦးက လိင်ပိုင်းဆိုင်ရာသော်၎င်း (သို့) ကိုယ်ခန္ဓာပိုင်းဆိုင်ရာသော်၎င်း မတရားပြုကျင့်ခံနေရသည်ဟု သိလာလျှင်၊  သူသည် သက်ဆိုင်သောအာဏာရှိသူထံသို့ ချက်ခြင်းသတင်းပေးရမည်။ မှန်ကန်လျှင် နောက်ပိုင်း အသင်းတော် (သို့မဟုတ်) သာသနာခေါင်းဆောင်များကို အသိပေးရမည်။

ခ) လုံ့ဆော်မှုမှာ တရားဥပဒေအကျိုးအပြစ်များကိုရှောင်းရှားရန်လောက်ရိုးရိုးရှင်းရှင်းမဟုတ်ပေ။ အားနည်းသောသူများကို အကာအကွယ်ပေးဖို့ဖြစ်သည်။ အထူးသဖြင့် ကလေးများကိုကာကွယ်ပေးဖို့ဖြစ်သည်။ ဒါဟာ ခရစ်ယာန်ယုံကြည်ခြင်းရဲ့အဓိကအချက်ဖြစ်သည်။

(၁) မဿဲ ၁၈း၆၊ သုတ္တံ ၃၁း၈၊ ဆာလံ ၈၃း၃-၄၊ တရားဟော ၂၄း၁၇၊ ယာကုပ် ၁း၂၇

(၂) ခရစ်ယာန်များသည် မတရားပြုကျင့်ခံရသူများ၊ တရားမျှတမှုကိုရှာနေသူများအတွက် အနည်းဆုံးဥပဒေအရပေးလုပ်တာမျိုးမဟုတ်ပဲ ရပ်တည်ပြောပေးဖို့ဖြစ်သည်။

(၃) ကလေးများအပေါ်မတရားကျင့်ခြင်းအား သတင်းပို့တိုင်ကြားခြင်းသည် အသင်းတော်အတွက်သော်၎င်း၊ နစ်နာသူများအတွက်သော်၎င်း အမြဲတမ်း အကောင်းဆုံးလုပ်နိုင်သည့်အရာ ဖြစ်သည်။

၄) မတရားပြုကျင့်မှုတားဆီးမှုများနှင့် သတင်းပေးပို့ဆိုင်ရာလုပ်ထုံးလုပ်နည်းများ မရှိသေးလျှင် ဒေသဆိုင်ရာကျွမ်းကျင်သူနှင့်တိုင်ပင်ကာ လုပ်ထုံးလုပ်နည်းများရေးဆွဲရန် အကူအညီတောင်းပါ။

ခ။ မသန်စွမ်းသောလူများနှင့် သက်ကြီးရွယ်အိုတို့၏မတရားဖိနှိပ်ခြင်းမှာ ဥပဒေအားဖြင့်မလိုအပ်သော်လည်း၊ တွန်းအားပေးမှုပြုနိုင်သည်။

ဂ။ လူကြီးတစ်ဦးရဲ့မတရားဖိနှိပ်မှု- ဥပဒေအရတင်ပြဖို့မတောင်းဆိုထားသော်လည်း၊ လုပ်ဆောင်ခြင်းဖြင့် နစ်နာသူများတွင် အန္တရာယ်ရှိနိုင်သည်။

(၁) နစ်နာသူ၏ခွင့်ပြုချက်မပါပဲ တိုင်ကြားသတင်းပို့ခြင်းလုံးဝမလုပ်ရသလို၊ ဖိအားလည်းလုံးဝမပေးရပါ။

(၂) ဘေးကင်းလုံခြုံမှုရှိရေးအတွက်သာ ထိုကဲ့သို့သောဆုံးဖြတ်ချက်များချသင့်ပြီး၊ နစ်နာသူများအား အစီအစဉ်ဆွဲရာတွင် တက်နိုင်သမျှပါဝင်ခိုင်းပါ။

ဃ) မိမိကိုယ်ကို မိမိသတ်သေခြင်း- သင်တန်းဆရာများနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးလုပ်သားများသည် ဥပဒေအရ မိမိကိုယ်ကို မိမိသတ်သေချင်သောလူများအား သတင်းပေးပို့စရာမလိုပေ။ သို့သော် ဘေးကင်းလုံခြုံရေးတိုင်းတာချက်များကို ထည့်သွင်းစဉ်းကာ (သေကြောင်းကြံစည်မှုသင်ခန်းစာ ကိုကြည့်ပါ) ရဲများအားခေါ်ဆိုသင့်သည်။။

င) လူသတ်မှုများ- သင်တန်းတက်ရောက်သူ တစ်ဦးသည် အခြားတစ်ဦးအားအန္တရာယ်ဖြစ်စေလိုသည့် ရည်ရွယ်ချက်များရှိကြောင်း သင်တန်းပေးသူသတိထားမိလျှင်၊ ရည်ရွယ်ခံရသောနစ်နာသူထံ သွားရောက်သတိပေးဖို့ လွတ်လပ်စွာဆုံးဖြတ်ခွင့်ရှိသည်။ ရဲထံအသိပေးခြင်းကိုခိုင်ခိုင်မာမာစဉ်းစားသင့်သည်။